ကျောက်မဲလေးကျေးရွာ
နောင်ပိန်အုပ်စု
ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျောက်မဲလေး ကျေးရွာသည် မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ နောင်ပိန် ကျေးရွာအုပ်စု ၊ပြင်ဦးလွင်မြို့နယ်၏မြောက်ဘက်၊ပြင်ဦးလွင်-မိုးကုတ် ကားလမ်းမဘေးတွင် တည်ရှိသည်။မြောက်ဘက်တွင် နောင်ပိန်ကျေးရွာနှင့် တောင်ဘက်တွင်မဲတောကျေးရွာတို့ တည်ရှိသည်။ ကျေးရွာ သည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး သမဝိုင်းဧုံတွင်ပါဝင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၆၀)ခန့် ရရှိသည်။ကျေးရွာအနီးတွင်သစ်တောရှိပြီးသဘာဝပေါက်ပင် များမှာ သစ်အယ်၊ ကြွက်စာ(ဖြူ/နီ)၊သစ်စိမ့်၊ရေမနေ၊သစ်ဖယောင်း၊ဝါး၊နှင့် အခြား အပင်အနည်းငယ် ပေါက်ရောက်သည်။ မိုးရာသီတွင် စိုက်ပျိုးနိုင်သော လယ်ယာမြေ (၃၀၀)ဧကကျော် ခန့် နှင့်ဥယျဉ်ခြံ (၅၀၀)ကျော်ခန့်ရှိသည်။ ကျေးရွာအနီးတွင် စိမ့်စိမ်းရေရှိ၍ သွယ်ယူစိုက်ပျိုးနိုင်သည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ကျေးရွာတွင် မီးကော်မတီအဖွဲ့၊ရေကော်မတီအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ မီးသတ်အဖွဲ့တို့ဖွဲ့စည်းထား ရှိပါသည်။ ကျေးရွာတွင်သာရေး နာရေးလူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သောအလေ့အကျင့်ကောင်းများ ရှိပါ သည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် ခြံငုံ၍ သုံးသပ်ရလျှင် သာရေး နာရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများကအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကိုစီမံကိန်း ချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ်မိုး စပါးကိုစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည်စပါး ဖြစ်၍ မိုးရာသီတွင် စိုက်ပျိုးကြသည်။ ကျေးရွာတွင် စပါး စိုက်ပျိုးမြေ ဧက (၂၀၀)ကျော် ခန့်စိုက်ပျိုးကြသည်။ စပါးကို ဇွန် လတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ ၄၀ တင်းမှ ၅၀ တင်း ထိ ဖြစ်သည်။

မက်မန်း၊ ဂျင်း၊ ပြောင်း၊ အာလူး၊ ကြက်သွန်၊ပန်း၊ပဲသီး၊မုန်ညင်းနှင့် အခြားဟင်းသီး/ဟင်းရွက်များ ကိုလည်း စိုက်ပျိုးကြပြီး စိုက်ပျိုးရေးကို စိမ့်စမ်းမှ သွယ်ယူရရှိပါသည်။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာတွင် ခိုင်းကျွဲနှင့်ခိုင်းနွား (၁၅၀)ကျော် ကောင်ခန့်မွေးမြူကြပြီး အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်မှုနည်းသည်ကို

တွေ့ရပါသည်။ (အိမ်ထောင်စုဇယားအချက်အလက်များရရှိလျှင် ကိန်းဂဏန်းအချက်အလက်နှင့်တကွ ပိုမိုပြည့်စုံအောင်ရေးနိုင်ပါမည်။)

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန် အဝီစိရေတွင်းနှင့် လက်ငင်ရေတွင်းအိမ်တိုင်းနီးပါး တူးဖော်၍သုံးစွဲကြသည်ကိုတွေ့ရပြီး သောက်သုံးရေအခက်အခဲ မရှိသော်လည်း ထုံးဓါတ်ပါဝင်မှုများသည်ကိုတွေ့ရသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းကိုမူ (၁၀)မိုင်ခန့်ဝေးသော မိုးကြိုးရပ်၊ ရပ်ကွက်ကြီး(၂၁)နှင့်(၁)မိုင်ခန့်ဝေးသော နောင်ပိန်ကျေးရွာတို့တွင် သွား၍တက်ရောက်ကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတွင်းရှိကျေးလက် ဆေးပေးခန်း **မှ ရရှိပါသည်။**

ကျေးရွာတွင်လျှပ်စစ်မီးကိုပုဂ္ဂလိကမှကိုယ်ထူကိုယ်ထသွယ်ယူရသဖြင့်ငွေကြေးမတက်နိုင်သော အိမ်ထောင်စုများမီးသွယ်ယူနိုင်ခြင်းမရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာမှချေးငွေဝန်ဆောင်မှုမရရှိပါ။ အခြားအသေးစားချေးငွေ ဝန်ဆောင်မှု အနေဖြင့် ကျေးရွာမှာချေးယူခြင်း မရှိပါ။(အဖွဲ့အမည်နှင့် ဘယ်လောက်ပမာဏအထိရနိုင်သည်ကို ရေးနိုင်လျှင် ပိုကောင်းမည်။) တောင်သူလယ်သမားများသာမကဘဲ အခြားအသေးစား စီးပွားရေး လုပ်ငန်းများ ထူထောင် ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်း အဝယ်) ချေးငွေဝန်ဆောင်မှု များ လိုအပ်ပါ သည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများရှိပါသည်။ ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းသာရှိပြီး အထက်တန်းကို ကျေးရွာ နှင့်(၁၅)မိုင်ခန့်ဝေးသော ရပ်ကွက်ကြီး (၂၁)မိုးကြိုးရပ်နှင့်ပြင်ဦးလွင်မြို့များသို့ သွား၍ တက်ရောက်ကြရသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့်လူငယ်များမှာအသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက် နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင် အထိုက်အလျောက် အဆင်ပြေခြင်း၊

မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေအသင့်ရှိသောကြောင့် ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကျေးရွာနှင့် ၃ မိုင်ခန့်ဝေးသော မဲတောကျေးရွာ ရှိကျေးလက် ကျန်းမာရေး ဆေးပေးခန်းမှရရှိ ကြသည်။ ဆေးပေး ခန်းတွင် ကျန်းမာရေးဝန်ထမ်း (၂)ဦးရှိသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာ ရေး ဌာနမှနှစ်စဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်ခါတ်မြေဩများနှင့် ပိုးသတ်ဆေးဗူးများ အများအပြားသုံးစွဲလာပြီး စနစ်တကျစွန့်ပစ်မှု အားနည်းခြင်းတို့ ကြောင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် အားနည်းပြီး ထိခိုက်လွယ်မှု မြင့်လာခြင်း၊ကျေးရွာအနီးသစ်တောများအားခုတ်လှဲခြင်းများကြောင့် သစ်တောများမရှိတော့ဘဲ ပြုန်းတီးကာ ရာသီဥတုကို ထိခိုက်စေသည်ကိုတွေ့ရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီး များသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများ သည် လယ်ထွန်ခြင်း စသည့် လုပ်ငန်း များလုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်း ဆောင်ရွက် ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသား များသည်အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင်အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	**စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး**	အဖွဲ့စည်းဆိုင်ရာစီမံအုပ်ချုပ်မှုသင်တန်း	၈
၂	**စိုက်ပျိုးရေး**	ဆည်မြောင်းသစ်/ပြုပြင် ဖောက်လုပ်ခြင်း	၂
		သဘာဝပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်း	၇
		လယ်ယာသုံးစက်ကိရိယာအရစ်ကျရောင်းချခြင်း	၃
၃	**ပညာရေး**	ကျောင်းအားကစားပစ္စည်းပံ့ပိုးခြင်း	၅
		ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	၅
		ကျောင်းခြံစည်းရိုးကာရံခြင်း	၅
		ကျောင်းစာကြည့်တိုက်ထူထောင်ခြင်း	၅
၄	**ကျန်းမာရေး**	ဆေးပေးခန်းဆောက်လုပ်ခြင်း	၄
		ဆေးဝါး/ဆေးခန်းသုံးပရိဘောရုပံ့ပိုးခြင်း	၄
		ကျန်းမာရေးလေ့ကျင့်ခန်းသုံးပစ္စည်းပံ့ပိုးခြင်း	၄
၅	**လူငယ်နှင့်အားကစား**	မူးယစ်ဆေးအသိပညာပေးဟောပြောပွဲများ	၁၂
		လူငယ်ရိပ်သာဆောက်လုပ်ခြင်း	၁၂
		မြို့နယ်/တိုင်း/ခရိုင်လူငယ်ဖိုရမ်များနှင့်ချိတ်ဆက်ခြင်း	၁၂
		ရိုးရာတီးဝိုင်းခေတ်ပေါ်တီးဝိုင်းများထူထောင်ပေးရန်	၁၂
		ယာဉ်စည်းကမ်းပညာပေးသင်တန်း	၁၂
		အမျိုးသမီးစွမ်းဆောင်ရည်မြင့်တင်ရေး	၁၂
		ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း	၁၂
		အိမ်တွင်းအကြမ်းဖက်မှုဥပဒေပညာပေးသင်တန်း	၁၂
၆	**အသေးစားဝင်ငွေတိုး**	ကွန်ပျူတာသင်တန်း	၉

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွဲ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
		အင်္ဂလိပ်စကားပြောသင်တန်း	၉
		စက်ပြင်သင်တန်း	၉
		မုန့်ပြုလုပ်နည်းသင်တန်း	၉
		ဒီဇိုင်နာသင်တန်း	၉
၇	**မူဝါဒများ**	လယ်ယာမြေဥပဒေသင်တန်း	၁၁